# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# သစ်တောရေးရာဝန်ကြီးဌာန
# အမိန့်ကြော်ငြာစာအမှတ် ၂၁/၉၆
# ရန်ကုန်မြို့၊ ၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
# (၁၉၉၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

၁၉၉၅ခုနှစ်၊ ဇူလိုင်လ၂ဝ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂၇/၉၅)မှ သဘောတူအတည်ပြုချက်ဖြင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် အောက်ပါ မြန်မာ့ သစ်တောမူဝါဒ ၁၉၉၅၊ မူဝါဒ သဘောထားကြေငြာချက်ကို ထုတ်ပြန်လိုက်သည်။

## ၁။ နိဒါန်း

မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍသည် အမျိုးသားလူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝ ဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်မျှတရေးတို့ကို အကျိုးပြုသည်မှာ အရေးပါလှသည့် အတွက် မြန်မာ့သစ်တော မူဝါဒကို ကုလသမဂ္ဂ သဘာဝဝန်းကျင်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံတွင် အတည်ပြုခဲ့ကြသည့် သစ်တောအခြေခံမူများနှင့်အညီ သဘာဝဝန်းကျင်ထိန်းသိမ်းရေးနှင့် ထာဝစဉ် ဖွံ့ဖြိုးတိုးတက်ရေး ယေဘူယျမူဘောင်တို့ကိုလွှမ်းခြုံ၍ ချိန်ခွင်လျှာညီမျှစေရန် ဖော်ထုတ်ပြုစုထား ခြင်းဖြစ်ပါသည်။

## ၂။ ပဓာနကျသောအချက်များ

နိုင်ငံတော် အစိုးရအနေနှင့် ကျယ်ပြန့်သော အမျိုးသားရည်မှန်းချက် ပန်းတိုင်များအား ပြည့်မီစွာ ဖော်ဆောင်သွားရမည့် ပဓာနကျသော အချက်ခြောက်ချက်တို့ကို ဖော်ထုတ်ထားပါသည်။ ၎င်းတို့မှာ အောက်ဖော်ပြပါတို့ဖြစ်ပါသည် -

(က) **ကာကွယ်ခြင်း (PROTECTION)** ။ ။ ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(ခ) **ထာဝစဉ်တည်တံ့စေခြင်း (SUSTAINABILITY)** ။ ။လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက် သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတ အရင်း အမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်

(ဂ) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း(BASIC NEEDS)။ ။** ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(ဃ) **စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း (EFFICIENCY)။ ။** သစ်တောသယံဇာတများမှရရှိနိုင်သည့် စီးပွားရေးအကျိုးမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(င) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း (PARTICIPATION) ။ ။** သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာ လုပ်ငန်း တို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(စ) **ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း(PUBLIC AWARE-NESS) ။ ။** နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့်အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

## ၃။ ရည်ရွယ်ချက်နှင့်မူဝါဒလုပ်ငန်းများ

မြန်မာ့သစ်တောမူဝါဒအနေဖြင့် အောက်ဖော်ပြပါ အကြောင်းကိစ္စတို့ကိုလည်း လွှမ်းခြုံ အကျိုးသက်ရောက်စေပါသည် -

### ၃-၁ ။ မြေအသုံးချမှု

**ရည်ရွယ်ချက်များ**

- မြေကိုအသုံးချရာတွင် အပြန်အလှန်အကျိုးပြုသည့် မြေဆီလွှာဆုတ်ယုတ်မှု အနည်းဆုံးဖြင့် အကျိုးအမြတ်အများဆုံး ဖြစ်ထွန်းစေသည့် နည်းတို့ဖြင့်သာ အသုံးချခြင်းဖြစ်စေသည့် မြေအသုံးချမှုစနစ်တစ်ရပ်ကို ဖော်ထုတ်သွားရန် ၊
- မှန်ကန်သော မြေစီမံအုပ်ချုပ်မှုစနစ်နှင့် အံမဝင်သည့် ကျင့်သုံးဆဲ အလေ့အကျင့်များနှင့် သဘာဝဝန်းကျင်ပျက်စီးမှုများကို ဖြစ်ပေါ်စေသည့် ကျင့်သုံးဆဲအလေ့အကျင့်များကို တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ဖျောက်ဖျက်သွားရန် ၊

- ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးသူများအတွက် အစားအစာပိုမိုထွက်ရှိပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေမည့်နည်းတို့ဖြင့် သစ်တောများ ပျက်စီး ပြုန်းတီးစေသော ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း လျော့ပါး ပပျောက်စေရန် ၊

**မူဝါဒလုပ်ငန်းများ**

- နိုင်ငံတော်၏ မြေအသုံးချမှုဆိုင်ရာလုပ်ငန်းတို့ကို ကြီးကြပ်ကွပ်ကဲရန်နှင့် ပေါင်းစပ် ညှိနှိုင်းပေးရန် အမျိုးသားမြေအသုံးချမှုဆိုင်ရာ အကြံပေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရမည်။
- လက်ရှိဖော်ထုတ်ထားပြီးဖြစ်သည့် ရွှေ့ပြောင်းတောင်ယာဧရိယာများနှင့် သစ်တောမြေ များအတွင်း ကျူးကျော်ဝင်ရောက် အခြေချထားပြီးသည်များကို စည်းမျဉ်း၊စည်းကမ်း များချမှတ်၍ စနစ်တကျ အသိအမှတ်ပြုသွားရန် စီစဉ်ပေးပြီး အနာဂတ်သစ်တောမြေ အတွင်း ကျူးကျော်ဝင်ရောက်မှုနှင့် အခြားသစ်တောမြေ အလွဲသုံးစားပြုမှုများကို သစ်တောဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထိရောက်စွာ အရေးယူသွားရမည်။
- ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမြေများအတွင်း သစ်တောပြန်လည်တည်ထောင်သည့် လုပ်ငန်းများဖော်ဆောင်ရာ တောင်ယာလုပ်ကိုင်သူများအား ပညာပေးစည်းရုံးခြင်းနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးခြင်းနည်းများသာမက ယင်းတို့အနေနှင့် ရင်းနှီး မြှုပ်နှံခြင်း ပြုလုပ်လျက် ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခွင့်အလမ်းများကို လည်း ဖန်တီးပေးရမည်၊

## ၃-၂။ ကာကွယ်ခြင်းနှင့်စီမံအုပ်ချုပ်ခြင်း

**ရည်ရွယ်ချက်များ**

- နိုင်ငံတော်နှင့် ပြည်သူများအတွက် လူမှုရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးအမြတ် များ အစွမ်းကုန် ရရှိခံစားနိုင်စေခြင်း၊ ဂေဟစနစ်များ တည်ငြိမ်ရေးနှင့် ဇီဝမျိုးစုံလင် ခြင်းတို့ကို ထိန်းသိမ်းရေးအတွက် သစ်တောများအား ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ မြစ်၊ ချောင်း များကို အခြေခံသည့် ရေအရင်းအမြစ်များ ပျောက်ကွယ်မသွားစေရန်နှင့် ရေလှောင်ကန်များ နုန်းတင်ပို့၍ အချိန်မတိုင်မီကောခြင်း စသည်တို့ မဖြစ်စေရန် သစ်တောများကို ထာဝစဉ်ညီတောထွက်စနစ်ဖြင့် စီမံအုပ်ချုပ်သွားရမည်။ ထိုသို့ စီမံ အုပ်ချုပ်နိုင်ရေးကို အာမခံချက်ပြုနိုင်ရန်အလို့ငှာ နိုင်ငံတော် အချက်အချာကျသော ဒေသများအတွင်းတည်ရှိသည့် ကြိုးပြင်တောများနှင့် ကြိုးပြင်ကာကွယ်တောများအား အစဉ်တည်မြဲစေရန် ကာကွယ်ထိန်းသိမ်းလျက် သစ်တောကြိုးဝိုင်းများနှင့် ထိန်းသိမ်း

ကာကွယ်ထားသည့် သစ်တောမြေများကို အစဉ်တည်မြဲနေစေရေးအတွက် ဆောင်ရွက်သွားရန်၊

- အမျိုးသားဥယျာဉ်များ၊ သဘာဝကြိုးဝိုင်းများနှင့် ဘေးမဲ့တောများဆိုင်ရာ စနစ်တစ်ခု တည်ထောင်၍ တောရိုင်းတိရစ္ဆာန် စီမံအုပ်ချုပ်ခြင်းလုပ်ငန်းကို ခိုင်မာစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

**မူဝါဒလုပ်ငန်းများ**

- နိုင်ငံတော် ဧရိယာစုစုပေါင်း၏ ၃၀%ကို ကြိုးဝိုင်းတောများအဖြစ်လည်းကောင်း၊ ၅% ကို ထိန်းသိမ်းနယ်မြေများအဖြစ် လည်းကောင်း ဖွဲ့စည်းရမည်၊
- ဖွံ့ဖြိုးမှုလုပ်ငန်းအားလုံးနှင့် ပတ်သက်၍ သဘာဝဝန်းကျင် ထိန်းသိမ်းရေးအတွက် လုံခြုံစိတ်ချရသော အနိမ့်ဆုံးစံနှုန်းများကို သတ်မှတ်အတည်ပြုလျက် သင့်လျော်သော နည်းဥပဒေများ/ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲ အကောင်အထည်ဖော်ခြင်းဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်းများ၏ သဘာဝဝန်းကျင်အပေါ် ထိခိုက်မှု အတိုင်းအတာကို သိရှိရန်အတွက် သဘာဝဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု လေ့လာသုံးသပ်ခြင်း လုပ်ငန်းကို မဖြစ်မနေဖော်ဆောင်သွားရမည်၊
- သဘာဝဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးယိုယွင်းမှုများကို ထေမိစေရန်အတွက် "ပတ်ဝန်းကျင် ညစ်ညမ်းစေရန် ပြုမူသူက ယင်းညစ်ညမ်းမှုအတွက် တန်ဖိုးပေးလျော်ရမည်" ဟူသောမူကို အခြေခံလျက် သဘာဝဝန်းကျင်အား တန်ဖိုးသတ်မှတ်သည့် စနစ်တစ်ခုကို ဖော်ထုတ်ကျင့်သုံးရမည်၊
- သစ်တောနယ်မြေများအတွင်း ဓာတ်သတ္တုရိုင်းများ တူးဖော်ထုတ်လုပ်ခြင်းကို စည်းကမ်းသတ်မှတ်ချက်များဖြင့် စနစ်တကျဖြစ်စေရန် စီမံပေးရမည်၊

## ၃-၃ သစ်တောမျိုးဆက်နှင့်သစ်တောတည်ထောင်ခြင်း

**ရည်ရွယ်ချက်များ**

- သစ်တောမျိုးဆက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများဖြင့် သဘာဝသစ်တောများမှ ထွက်ရှိမှုကို အကောင်းဆုံးဖြစ်စေရန်အတွက် ကောင်းမွန်သော သစ်တောဖွံ့ဖြိုးမှု အစီစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

- စက်မှုလုပ်ငန်းနှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဂေဟစနစ်များ မျှတမှုကို ပြန်လည်ရရှိစေရန်အတွက် တောပျက်များနှင့် ယာမြေများတွင် အကြီးမြန်သော ဘက်စုံသုံး သစ်မျိုးများ စိုက်ပျိုးခြင်းကို အားပေးရန်၊

**မူဝါဒလုပ်ငန်းများ**

- သစ်တောများ ပျက်စီးပြုန်းတီးနေသော ဒေသများတွင် သစ်တောများ ပြန်လည်တည်ထောင် နိုင်ရေးအတွက် သစ်တောစိုက်ပျိုးရေး သမဝါယမများ တည်ထောင်လျက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်စေရန် ငွေကြေးထောက်ပံ့ခြင်း၊ ချေးငှားခြင်း ပြုလုပ်ပေးရမည်။
- စိုက်ခင်းသစ်တောများသည် သဘာဝသစ်တောများကို အစားထိုးနိုင်ခြေမရှိကြောင်းကို အသိအမှတ်ပြုရမည်။ စိုက်ခင်းနှင့် သဘာဝသစ်တောများကို ညီညွတ်မျှတစွာ ပေါင်းစပ်သည့် နည်းဖြင့် နိုင်ငံတော်၏ သစ်တောသယံဇာတများကို အကျိုးအရှိဆုံး အသုံးချသွားရမည်။
- ပျက်သုဉ်းသွားသည့် သစ်တောပျက်ဧရိယာများကို ပြန်လည်ထူထောင်ရန်နှင့် ဒေသခံ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နှစ်စဉ် ဟက်တာ နှစ်သောင်း(၂၀,၀၀၀)တွင် သစ်တောစိုက်ခင်းများ တည်ထောင်သွားရမည်။

၃-၄ ။ **သစ်တောအခြေခံသည့် စက်မှုလုပ်ငန်း၊ ဈေးကွက်နှင့်ကုန်သွယ်မှု**

**ရည်ရွယ်ချက်များ**

- သစ်တောထွက်ပစ္စည်း အမျိုးမျိုးအားလုံးတို့ကို စွမ်းဆောင်ရည် ထက်မြက်စွာဖြင့် ထုတ်ယူ၍ ထာဝစဉ် အသုံးချသွားနိုင်စေမည့် နည်းစနစ်များ ကျင့်သုံးခြင်းကို အားပေးမြှင့်တင်သွားရန်၊
- သစ်အခြေခံ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားကို သစ်တောများကအမှန် ထုတ်လုပ်ပေးနိုင်သည့် ကုန်ကြမ်းပမာဏနှင့်အညီ သတ်မှတ်လျက် စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့် အလေအလွင့်နည်းပါးရေးအတွက် မွမ်းမံမှုများနှင့် လုပ်ငန်းခွဲများ တိုးချဲ့တည်ထောင်ခြင်း ပြုလုပ်သွားရန်၊
- သစ်တောထွက်ပစ္စည်းများကို ပြည်ပသို့ တန်ဖိုးမြှင့်ပစ္စည်းများအဖြစ် တင်ပို့ခြင်းကို အားပေးရန်နှင့် အသုံးနည်းသေးသော သစ်မျိုးများ သုံးစွဲမှုကို အားပေးရန်၊

- ပြည်တွင်းသစ် ကုန်ချောလိုအပ်ချက်များကို ပြည်တွင်း ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများဖြင့် လုံလုံလောက်လောက် ဖြည့်စွမ်းနိုင်စေရေးအတွက် စီမံရန်၊
- နိုင်ငံတကာသစ်ဈေးကွက်သို့ ကောင်းစွာဝင်ဆန့်မှုရရှိပြီး အကျိုးအမြတ်အများဆုံး ရယူနိုင်ရေးအတွက် ဈေးကွက်ထိုးဖောက်ခြင်းနှင့် ကြော်ငြာခြင်းတို့ကို တက်တက်ကြွကြွ ဖော်ဆောင်သွားရန်၊
- တောနေလူထုတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေးနှင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသော စက်မှုလုပ်ငန်းအသေးစားတို့ကို အားပေးမြှင့်တင်ခြင်းဖြင့် ကျေးရွာလူထုတို့မှ အလုပ်အကိုင်တိုးတက်ရရှိပြီး လယ်ယာလုပ်ငန်းမှရရှိသည့် ဝင်ငွေများအပြင် အခြားဝင်ငွေများရရှိလာစေရေးအတွက် သစ်မဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများ၏ အကျိုးပြုမှုကို့ကို ဖွံ့ဖြိုးစေလျက် အကျိုးရှိစွာ အသုံးချရန်၊

**မူဝါဒလုပ်ငန်းများ**

**သစ်တောစက်မှုလုပ်ငန်း**

- အမျိုးသား သစ်တောစက်မှုလုပ်ငန်း၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် သယံဇာတအရင်းအမြစ် ရရှိနိုင်မှုတို့ ဟန်ချက်ညီစေရမည်။
- သစ်ခွဲစိတ်နိုင်မှုစွမ်းရည် တိုးတက်ကောင်းမွန်ရေး၊ သစ်အလေအလွင့်နည်းပါးရေး၊ သစ်ဘေးထွက်ပစ္စည်းများ အသုံးချရေး၊ သစ်ကုန်ချောလုပ်ကိုင် နည်းစနစ်များ ခေတ်မီတိုးတက်လာစေရေးတို့အတွက် သစ်အခြေခံစက်မှုလုပ်ငန်းများတွင် မက်လုံးပေးဆွဲဆောင်မှု စနစ်တစ်ခု ချမှတ်အကောင်အထည်ဖော်ရမည်။
- သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်ပေါင်းစုံတို့မှ ပေါင်းစပ်ဖော်ဆောင်ရာတွင် သစ်ကုန်ချောပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းတို့ကို တည်ဆဲဥပဒေပြဋ္ဌာန်းချက် ဘောင်အတွင်းမှသာ ဆောင်ရွက်သွားစေရမည်
- သစ်တောထွက်ပစ္စည်းများ အတန်းအစားခွဲခြားသတ်မှတ်သည့် နည်းဥပဒေများ ပြဋ္ဌာန်းလျက် နိုင်ငံတော်အစိုးရမှ ငွေကြေးထောက်ပံ့၍ ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းအားလုံးတို့တွင် ဖော်ပြပါ နည်းဥပဒေများနှင့်အညီ အတန်းအစား ခွဲခြားထားသော သစ်များကိုသာ သုံးစွဲစေရမည်။

- မြန်မာ့သစ်လုပ်ငန်းအား သစ်ထုတ်လုပ်ခြင်း၊ဈေးကွက်တင်ရောင်းချခြင်းနှင့် သစ်တောထွက်ပစ္စည်းများအားကုန်သွယ်ရာတွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုအတွက် ကော်မရှင်ရယူခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ခြင်း အခွင့်အလမ်းနှင့် လုပ်ပိုင်ခွင့်တို့ကို အပ်နှင်းထားရမည်။
- မြန်မာသစ်လုပ်ငန်းအား ဆုံးဖြတ်ချက်များချက်ချင်းပေးနိုင်စွမ်းရှိသော စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတစ်ခုအဖြစ် ကိုယ်ပိုင်လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန် အခွင့်အာဏာများပေးအပ်ရမည်။
- မြန်မာ့သစ်လုပ်ငန်းပိုင် သစ်ကုန်ချောထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် ရရှိသည့် အကျိုးအမြတ်တိုးတက်လာစေရေးတို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ လက်ဝယ်သို့ လွှဲပြောင်းပေးပြီး ဟောင်းနွမ်း၍ ခေတ်မမီတော့သော သစ်စက်များကို တဖြည်းဖြည်း ဖျက်သိမ်းပစ်ရမည်။
- သစ်ခွဲစိတ်ခြင်းနှင့် ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းများ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရေးအတွက် လိုအပ်သော စက်ပစ္စည်းများ/အပိုပစ္စည်းများနှင့် အခြားပံ့ပိုးပစ္စည်းများ တင်သွင်းနိုင်စေခြင်းအလို့ငှာ နိုင်ငံခြားငွေ သုံးစွဲခြင်းဆိုင်ရာ လုပ်ငန်းစနစ်များအား လျှော့ပေါ့ပေးရမည်။
- သစ်တောများဖွံ့ဖြိုးမှုဆိုင်ရာ ဦးစားပေးစာရင်းတွင် သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ အနေဖြင့် လူမှုစီးပွားရေးအရ အရေးပါမှုကို အသိအမှတ်ပြုရမည်။

**ဈေးနှုန်းသတ်မှတ်ခြင်း**

- သစ်တောထွက်ပစ္စည်းများကို အခွင့်အရေးပေး၍ လျှော့ပေါ့ဈေးနှုန်း သတ်မှတ်သည့်စနစ်ကို ဖျက်သိမ်းပစ်ရမည်။
- သုံးစွဲသူများ သက်သာစေရန် ရည်ရွယ်ဖြန့်ဖြူးပေးသည့် ကိစ္စမျိုးမှတစ်ပါး ဈေးနှုန်းထိန်းချုပ်ခြင်းများကို ရပ်ဆိုင်းရမည်၊

**ဈေးကွက်နှင့်ကုန်သွယ်မှု**

- သစ်များအား တင်ဒါ/လေလံတင်စနစ်ဖြင့် ရောင်းချရာတွင် မသမာမှုများကို ကာကွယ်တားဆီးနိုင်ရန်နှင့် နိုင်ငံတော်အတွင်း တန်ဖိုးမြင့်သစ်ကုန်ချောထုတ်သည့် စက်မှုလုပ်

ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် သစ်တောထွက်ပစ္စည်းများ၏ တန်ဖိုးတိုးတက်မြင့်မားလာသည်နှင့် ပြည်ပပို့ခွန်ကို အချိုးကျလျှော့ပေါ့ကောက်ခံရမည်။

- သစ်တောထွက်ပစ္စည်းအားလုံးကို စီးပွားဖြစ် ရောင်းချလာနိုင်စေရန် သင့်လျော်သော အစီအစဉ်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရမည်။
- ကုန်သွယ်မှုနှင့် အကောက်ခွန် စည်းကြပ်မှုဆိုင်ရာ မူဝါဒများနှင့် ပတ်သက်သည့် ထိန်းချုပ်များ လျှော့ပေါ့ပြီး သတ်မှတ်ကြေညာထားသော မူဝါဒများလည်း တည်ငြိမ်မှုရှိစေရမည်။
- နိုင်ငံရပ်ခြား၌ ကုန်သွယ်ရေးရုံးများဖွင့်လှစ်၍ မက်လုံးပေး ဆွဲဆောင်သည့်နည်းတို့ဖြင့် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဈေးကွက်ထိုးဖောက်နိုင်ရန် တိုးမြှင့် ဆောင်ရွက်ရမည်။
- တင်သွင်းသူများ၊ ကိုယ်စားလှယ်များ၊ အသုံးပြုသူများနှင့် အဆက်အသွယ်ရရှိရန်နှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် သစ်ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများအား စည်းရုံးဆွဲဆောင်နိုင်ရန်အတွက် တရားဝင်သွားရောက် လေ့လာနိုင်ရန် စီစဉ်ရမည်။

၃-၅။ **သစ်တောသုတေသန**

**ရည်ရွယ်ချက်များ**

- သစ်တောသယံဇာတများအား ထိရောက်စွာ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဖြင့် ထုတ်လုပ်မှုကို အစွမ်းကုန် တိုးမြှင့်နိုင်စေရန်အလို့ငှာ ပြည်တွင်း ပေါက်ရောက်သည့် သစ်မျိုးများနှင့် ပြည်ပမှ တင်သွင်းလာသော သစ်မျိုးတို့ပါဝင်သည့် သဘာဝ သစ်တောများနှင့် စိုက်ခင်းသစ်တောတို့၏ အစိတ်အပိုင်းများ ဖွဲ့စည်းတည်ဆောက်မှုနှင့် လှုပ်ရှားအကျိုးပြုပုံတို့ကို စနစ်တကျ ဖော်ထုတ်သတ်မှတ်ရန်၊
- သစ်တောကဏ္ဍ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ပြဿနာများ၊ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်သော သစ်တောပညာဆိုင်ရာ သစ်တောထွက်ပစ္စည်းနှင့် လူမှုစီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

**မူဝါဒလုပ်ငန်းများ**

- သစ်တောထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များ အောင်မြင်နိုင်ရန်အတွက် သစ်တောနှင့် သစ်တောထွက်ပစ္စည်း သုတေသနလုပ်ငန်း၏ အချက်အချာကျသော အခန်းကို အသိအမှတ်ပြုရမည်။
- သစ်တောသုတေသနဌာနကို စိတ်အားထက်သန်သော သုတေသီများဖြင့် ဖွဲ့စည်းထားရှိပြီး သုတေသနလုပ်ငန်း အဖွဲ့အစည်းတစ်ခုအနေနှင့် လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်စေရမည်။
- သုတေသနလုပ်ငန်းများ အဆက်ပြတ်မသွားစေရန်အတွက် သုတေသီများအား ၎င်းတို့၏ ကျွမ်းကျင်မှု ပညာရပ်နယ်ပယ်များအတွင်း ထိုက်သင့်သလို ရာထူး/အဆင့် တိုးမြှင့်ပေးနိုင်မည့် ပြောင်းလွယ်ပြင်လွယ်မှုရှိသည့် စံနစ်တစ်ခုချမှတ် ထားရှိရမည်။

၃-၆ ။ **သစ်တောစီမံကိန်းရေးဆွဲခြင်း**

**ရည်ရွယ်ချက်**

- သယံဇာတထုတ်လုပ်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင်ခြင်း၊ ဇီဝမျိုးစုံလင်မှုကို ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ်များ မျှတမှုကို ပြန်လည်ဆောက်တည်ခြင်း လုပ်ငန်းများတွင် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အလို့ငှာ သစ်တောကဏ္ဍဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများကို စနစ်တကျ ရေးဆွဲချမှတ်ထားရန်၊

**မူဝါဒလုပ်ငန်းများ**

- သစ်တောရေးရာဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနတို့တွင် စီမံချက်များနှင့် မူဝါဒဆိုင်ရာတို့ကို ဆန်းစစ်သုံးသပ်နိုင်မည့် ဆီလျော်သော စနစ်တစ်ခုကို ဖော်ထုတ်ချမှတ်သွားရန်၊
- သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ ယေဘုယျလမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်ပေးနိုင်မည့် (၁၀)နှစ် စီမံကိန်းတစ်ရပ်ကို ရေးဆွဲသွားရန် ၊

၃-၇။ **ကဏ္ဍအချင်းချင်းညှိနှိုင်းဆောင်ရွက်ခြင်း**

**ရည်ရွယ်ချက်**

- သစ်တောကဏ္ဍနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှုရှိသော အပြည်ပြည်ဆိုင်ရာ အေဂျင်စီများ၊ အဖွဲ့အစည်းများအပါအဝင် နိုင်ငံတော်အတွင်း အခြားစီးပွားရေးဆိုင်ရာ

ကဏ္ဍတို့အကြား ဆီလျော်ထိရောက်သည့် ပေါင်းစပ်ညှိနှိုင်းရေး/ ပူးပေါင်းဆောင်ရွက်ရေး စနစ်တစ်ရပ် တည်ထောင်ဖော်ဆောင်သွားရန်၊

**မူဝါဒလုပ်ငန်းများ**

- သစ်တောမူဝါဒကို အကောင်အထည်ဖော်ရန်နှင့် အခြားကဏ္ဍများနှင့် မူဝါဒသဟဇာတဖြစ်စေရန် ဆောင်ရွက်ခြင်းအပါအဝင် ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး က ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် အမျိုးသား သစ်တောမူဝါဒ အကြံပေးအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းရမည်။

**၃-၈ ။ အဖွဲ့အစည်းများအတွင်း စွမ်းဆောင်ရည် ခိုင်မာစေခြင်း**

**ရည်ရွယ်ချက်များ**

- သစ်တောကဏ္ဍ၏ အခြေခံရည်မှန်းချက်ပန်းတိုင်များ၊ သဘာဝဝန်းကျင်ကာကွယ်ခြင်း၊ သစ်တောများနှင့် သစ်တောလုပ်ငန်းရပ်တို့မှ တိုးတက်ရရှိနိုင်မည့် အကျိုးအမြတ်များကို ရရှိခံစားနိုင်စေရန်အတွက် သစ်တောကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများ၏ ရည်မှန်းချက်များတွင် လိုက်လျောညီထွေ ထင်ဟပ်နေစေရန်၊
- ပြောင်းလဲလာသော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စေခြင်းငှာ သစ်တောဝန်ထမ်းအဖွဲ့အစည်းများအား အရေအတွက်ရော၊ အရည်အချင်းပါ မြှင့်တင်သွားရန်၊

**မူဝါဒလုပ်ငန်းများ**

- လူအရင်းအမြစ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရာတွင် အရေတွက်ရော၊ အရည်အချင်းပါ တိုးမြှင့်လာစေရေးအတွက် စီမံရမည်၊
- အထက်ဖော်ပြပါ လုပ်ငန်းရပ်များကို အထောက်အကူပြုရန်အတွက် ပညာရေးနှင့် လေ့ကျင့်ရေး အစီအစဉ်များကို အားဖြည့်ပေးရမည်၊
- သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်ဝန်ထမ်းများကို ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများနှင့် ဆီလျော်စေရန် နေရာချထားပေးရမည်၊
- နိုင်ငံတော်မှ တည်ထောင်ထားသည့် သစ်တောပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ပညာရပ်ကျွမ်းကျင်မှုအဆင့်အတန်းနှင့် နိုင်ငံတော်အဆင့်တွင် စွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရန်အလို့ငှာ ဖွဲ့စည်းတည်ဆောက်ပုံတို့ကို ပြန်လည်ဆန်းစစ်

ခြင်း၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူ ဝန်ထမ်းများကိုသာ အဓိကခန့်အပ်ခြင်း၊ မက်လုံးပေး ဆွဲဆောင်သည့် စနစ်ကျင့်သုံးခြင်း၊ လုပ်ငန်းအမှန်တကယ်စွမ်းဆောင်မှု အပေါ် အခြေခံစဉ်းစားခြင်း စသည့်နည်းတို့ဖြင့် လူ့အရင်းမြစ်ကို စနစ်တကျ၊ စီမံအုပ်ချုပ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားရမည်၊

## ၃-၉ ။ **ဘက်ဂျက်နှင့်ဘဏ္ဍာရေး**

**ရည်ရွယ်ချက်**

- သစ်တောကဏ္ဍအနေဖြင့် အမျိုးသားသစ်တောမူဝါဒ၏ ပန်းတိုင်များနှင့် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လုံလောက်သောငွေကြေး ထောက်ပံ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏကို စဉ်ဆက်မပြတ် ရရှိနေစေရေးအတွက် ထိန်းသိမ်းထားရှိရန်၊

**မူဝါဒလုပ်ငန်းများ**

- သစ်တောများမှ ရရှိသည့်ဝင်ငွေ၏ သင့်တင့်သော အစိတ်အပိုင်းကို သစ်တောပြန်လည်တည်ထောင်ခြင်းနှင့် အခြားသစ်တော ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ လုံလောက်စွာ ဆောင်ရွက်နိုင်ရန် လျာထားရမည်၊
- ပြည်တွင်းပြည်ပ ငွေကြေးအဖွဲ့အစည်းများနှင့် အခြားအလှူရှင်များ၏ အထောက်အပံ့များဖြင့် သစ်တောဖွံ့ဖြိုးမှုရန်ပုံငွေတစ်ရပ် တည်ထောင်ကာ သစ်တောထိန်းသိမ်းမှုနှင့် သစ်တောဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပေးရမည်။ သစ်တောရေးရာဝန်ကြီးဌာနသည် ယင်းရန်ပုံငွေကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ဘဏ္ဍာရေးဆိုင်ရာဥပဒေ စည်းမျဉ်း စည်းကမ်းဘောင်အတွင်းမှ သစ်တောဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်ရှိရမည်၊

## ၃-၁၀။**ပြည်သူတို့ကပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ပြည်သူအတွင်းနိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း**

**ရည်ရွယ်ချက်**

- အများပြည်သူကိုအခြေခံသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖော်ဆောင်ရန်အတွက် သစ်တောကဏ္ဍဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်မှု “အား” ကိုရယူလျက် သစ်တောများ ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများတွင်

ပြည်သူတို့က နိုးကြားထကြွသောအသိဖြင့် တစ်တပ်တစ်အား ပူးပေါင်းလုပ်ကိုင်လာကြစေရန်၊

**မူဝါဒလုပ်ငန်းများ**

- သစ်တောဦးစီးဌာန၏ တိုးချဲ့ပညာပေးရေးစွမ်းရည်များကို ပိုမိုထက်မြက်စေပြီး သစ်တောလုပ်ငန်းအစီအစဉ်များတွင် ပြည်သူလူထုက ပိုမိုပါဝင် လှုပ်ရှားလာစေမည့် နည်းလမ်းများကို ဖော်ထုတ်သွားရမည်၊
- ထာဝစဉ်သစ်တောဖွံ့ဖြိုးမှု၏ သဘာဝဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးပြုမှုများကိုထုတ်ဖော်၍ ပြည်သူအများသိရှိနားလည်လာကြစေရန် ကြော်ငြာပေးရမည်။
- ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် ထိုလုပ်ငန်းက ဖြေရှင်းပေးရန်ကြုံရှယ်သော ပြဿနာများနှင့် အရေးပါပုံတို့ကို ပြည်သူများသိရှိစေရန် လှုံ့ဆော်ပေးရမည်၊
- ဒေသခံပြည်သူအစုအဖွဲ့တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်များ ဖော်ဆောင်ရခြင်းအတွက် နိုင်ငံတော်မှ ရင်းနှီးရမှုနှင့် ရရှိသည့်အကျိုးတို့ကို ပြည်သူတို့သိရှိစေရန်နှင့် ပြည်သူတို့က ထိုအစီအစဉ်များကို လက်ခံလာကြစေရန် ပေါ်ထွက်လာသည့် အကျိုးခံစားမှုတို့ကို မျှမျှတတဝေမျှ ခံစားနိုင်ကြမည့်စနစ်များ ချမှတ်ဖော်ထုတ်သည့်နည်းဖြင့် စည်းရုံးသွားရမည်၊

(ပုံ) ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ
ဝန်ကြီး
သစ်တောရေးရာဝန်ကြီးဌာန ။